


မင်းမြတ်သူရ
ပိုက်ကွန်

တစ်နေ့သ၌ မြန်မာပြည်အထက်ပိုင်း မြို့တစ်မြို့၌ နေထိုင်သော စောသီတာဆိုသည့် မိန်းကလေးသည် မိခင်ကြီး ကွယ်လွန်အနိစ္စရောက်သွားသဖြင့် ဝမ်းပန်းတနည်း ငိုယိုနေလေ၏ ။

မိခင်ကြီး၏ လက်ငုတ်ဖြစ်သော အပ်ချုပ်ဆိုင်လေးကိုလည်း ဖွင့်လှစ်ခြင်း မရှိတော့ချေ။

စောသီတာသည် မိခင်ကြီး၏ အသုဘ မြေချသည့်အထိ ဝမ်းပန်းတနည်း ငိုယိုနေပြီးနောက် အောက်ပါအတိုင်း တွေးမိလေ၏ ။

“ဒီအချိန်ကစပြီး ငါ့မှာ အားကိုးစရာ ရွှေတောင်ကြီး ပြိုလဲသွားပြီ၊ အမေမရှိတော့တဲ့ နောက်ပိုင်း ကိုယ့်အားကိုယ်ကိုးပြီး ဝမ်းရေးအတွက် ကြိုးပမ်းရတော့မှာပဲ၊ ငါ့အနေနဲ့ အသက်မွေး ဝမ်းကြောင်းပညာအဖြစ် စက်ချုပ်ပညာကို တတ်တယ်၊ ဒီပညာနဲ့ပဲ ငါ့ဘဝကို ရှေ့ဆက်ရတော့ မယ်”

ထိုသို့တွေးမိပြီးနောက် စောသီတာသည် အပ်ချုပ်ဆိုင်ကလေးကို ပြန်လည်ဖွင့်လှစ်ခဲ့လေ ၏ ။

စောသီတာသည် မိခင်ကြီး ရှိစဉ်ကပင် မိခင်၏ ချုပ်ထည်များကို အတူဝင်ရောက်ချုပ်လုပ်ခဲ့ သဖြင့် ဖောက်သည်များ မိခင်မရှိသော်လည်း သူမ၏ ချုပ်ထည်များကို အားပေးကြလေ၏ ။

စောသီတာသည် အပ်ထည်များကို စိတ်နှစ်ချုပ်ရင်း မိခင်ကို လွမ်းဆွေးတသဘော စိတ်ကို ဖြေဖျောက်ရလေ၏ ။

မည်သို့ပင်ဖြစ်စေ အမေတစ်ချု သမီးတစ်ခု ဘဂဖြစ်သဖြင့် ငယ်စဉ်က အပ်ချုပ်ဆိုင်နှင့် ကုန်စုံဆိုင်ကို တွဲဖွင့်ခဲ့ပုံကို ပြန်လည်မြင်ယောင်လာ၏။

ထိုစဉ်က ကုလားကြီး မူတူး၏ ကျူလယာဆိုင်က သူတို့အပ်ချုပ်ဆိုင်နှင့် မလှမ်းမကမ်းမှာ ရှိ၏။

ကျူလယာဆိုင်ဟု ခေါ်တွင်ရခြင်းမှာ ကျူလယာကုလားများသာ ရောင်းချခြင်းကြောင့်ဖြစ်ပြီး ကျူလယာဆိုင်တွင် မိန်းကလေးအသုံးအဆောင်များဖြစ်သော အပ်၊ ချိတ်၊ ဆံညှပ်၊ ကလစ်၊ ပေါင်ဒါ နှုတ်ခမ်းနီ စသည့် အသုံးအဆောင်အမျိုးမျိုးကို အများဆုံးရနိုင်၏။

ကျူလယာကုလားကြီး မူတူးသည် အလွန်သဘောကောင်းပြီး ကျူလယာဆိုင်၌ စွန်ပလွံယို ပုံး တစ်ပုံးကို အသင့်ဖွင့်ထားပြီး ဖောက်သည်များကို ကျွေးမွေးလေ၏။

ဆိုင်သို့ ကလေးများ လိုက်ပါလာလျှင် လက်ဖဝါးဖြန့်ခိုင်းပြီး ပဲလှော်လက်တစ်ဆုပ်ထည့်ပေး တတ်၏။ ထို့ကြောင့် ကုလားကြီးမူတူး၏ ကျူလယာကုန်များ အရောင်းသွက်လှ၏။

ကုလားကြီးမူတူးသည် ကုလားပြည်ပြန်ကာနီးတွင် မိခင်ဖြစ်သူ၏ မုဆိုးမဘဂကို စာနာမိပြီး သူ၏ ကျူလယာကုန်များကို ဆက်လက်ရောင်းချရန် အကြံပြုလေ၏။

မိခင်သည် ကုလားကြီးမူတူး၏ စေတနာကို လက်ခံပြီး ကျူလယာကုန်များ ရောင်းချခဲ့လေ ရာ များမကြာမီတွင် မိခင်၏ ကျူလယာပစ္စည်းများ အရောင်းသွက်ပြီး မိသားစု စီးပွားရေး အထူး ကောင်းမွန်ခဲ့လေ၏။

ထို့ကြောင့် မိခင်သည် ကုလားကြီးမူတူးကို ကျေးဇူးရှင် စာရင်းသွင်းကာ ညအိပ်ရာဝင်တိုင်း မေတ္တာပို့လေ၏။ နောက်ပိုင်းတွင်မူ ငွေအရင်းကြီးမားသော

တရုတ်မောင်စိန်၏ ကုန်စုံဆိုင် ပေါ်ပေါက်လာပြီး မိခင်၏ ကျူလယာဆိုင်ကလေး ရပ်စဲသွားလေ၏။

စောသီတာသည် အတိတ်ဘဝကို ပြန်တွေးရင်း ကျေးဇူးရှင် ကုလားကြီးမူတူး၏ စကားများ ကို ပြန်လည်ကြားယောင်လာ၏။

"လောကမှာ ဘယ်တော့မှ ရပ်မနေနဲ့၊ ရပ်နေရင် သူများတွေက ကိုယ့်ကို ကျော်တက်သွား လိမ့်မယ်။ လူဟာ အချိန်နဲ့အမျှ ရွေ့လျားနေရမယ်၊ ဒီလိုရွေ့လျားနေဖို့အတွက် နေရာဟောင်းကို စွန့်ခွာသင့်ရင် စွန့်ခွာရမယ်"

စောသီတာသည် ကုလားအဘိုးကြီး၏ စကားများကို ပြန်လည်ကြားယောင်ပြီး မိမိ၏ အပ်ချုပ်ဆိုင်ကို ရန်ကုန်မြို့သို့ ရွှေ့ပြောင်းပြီးလုပ်ကိုင်ချင်စိတ်များ ဖြစ်ပေါ်လာ၏။

ရန်ကုန်မြို့၌ မိမိ၏ လုပ်ငန်းများ ပိုမိုတိုးတက်ဖြစ်ထွန်းနိုင်၏။ ထို့ကြောင့် ရန်ကုန်မြို့သို့ အမြန်ဆုံး ပြောင်းရွှေ့ရန် ဆုံးဖြတ်လိုက်၏။

ထိုရက်ပိုင်းမှာပင် သူကြီးဂေဇက် သတင်းစာထဲတွင် ပါဝင်သော ကြော်ငြာတစ်ခုကို ဖတ်ရှု မိလေ၏။ ထိုကြော်ငြာမှာ

ရန်ကုန်မြို့ (၄၄) လမ်းရှိ သုံးထပ်တိုက် အပေါ်ဆုံးထပ်ကို အလွန်သက်သာသော ဈေးနှုန်း ဖြင့် ငှားရမ်းရန် ရှိသည်။ သို့သော် မိန်းကလေးတစ်ယောက်တည်းကိုသာ ငှားရမ်းမည်ဖြစ်ကြောင်း စည်းကမ်းသတ်မှတ်ထားပါသည်။ အိမ်ငှားလိုသူသည် အိမ်ရှင်ထံသို့ လူကိုယ်တိုင် ဖြစ်စေ၊ စာဖြင့် ဖြစ်စေ ကြိုတင် အကြောင်းကြားရန် လိုအပ်ပါသည်။

စောသီတာသည် သတင်းစာပါ ကြော်ငြာကို ကြည့်ပြီး မိမိအတွက် ရေကန်အသင့် ကြာအသင့်ဖြစ်ကြောင်း တွေ့လိုက်ရ၏။ ထို့ကြောင့် စာတိုက်သို့သွားပြီး အိမ်ရှင်ထံသို့ စည်းကမ်း ချက်နှင့်အညီ မိန်းကလေးတစ်ယောက်တည်း အိမ်ငှားလိုကြောင်း စာတစ်စောင် ရေးပို့လေ၏။

ပြီးနောက်တွင်မမူ မိမိနှစ်ပေါင်းများစွာ နေထိုင်ခဲ့သော အိမ်ကလေးကို ပိတ်ပြီး ရန်ကုန်မြို့ သို့ ရေတစ်တန် ကုန်းတစ်တန်ဖြင့် ခရီးဆက်ခဲ့လေ၏ ။

ရန်ကုန်သို့ ရောက်သောအခါ ရထားလုံးတစ်စီးကို ငှားရမ်းပြီး နေထိုင်ရမည့် ဘားလမ်းသို့ သွားရောက်ခဲ့၏ ။

ဘားလမ်းသို့ ရောက်သောအခါ အိမ်အမှတ် ၄၄ ကို ရှာဖွေပြီး အပေါ်ဆုံးထပ်သို့ တက်ခဲ့ လေ၏ ။

အပေါ်ဆုံးထပ် တံခါးရှေ့တွင် ရပ်ပြီး တံခါးခေါက်ရန် ပြင်လိုက်ရာ တံခါး၌ ကပ်ထားသော စာတစ်စောင်ကြောင့် မခေါက်ဖြစ်ဘဲ စာကို ယူပြီး ဖတ်ရှုလိုက်သောအခါ

"အရေးတကြီး ကိစ္စပေါ်လာလို့ ခရီးထွက်သွားတယ်၊ လဆန်း ၃ ရက်နေ့ ပြန်ရောက်မယ်၊ အိမ်ထဲမှာ ဝင်နေပြီး စောင့်လို့ရပါတယ်။ အိမ်တံခါးသော့ကို ခြေသုတ်ခုံအောက်မှာ ယူပါ"

**အိမ်ရှင်**

စောသီတာသည် အိမ်ရှင်မရှိကြောင်း သိရှိသွားသဖြင့် သူတစ်ပါး၏ အိမ်ထဲတွင် ပိုင်စိုးပိုင် နင်း နေထိုင်လိုစိတ် မရှိချေ။

သို့သော် ရန်ကုန်မြို့၌ အသိအကျွမ်းမရှိသဖြင့် အိမ်ထဲသို့ ဝင်ပြီး နားခိုရန်သာ ရှိတော့၏ ။

အိမ်ရှင်၏ စာထဲတွင် လဆန်း ၃ ရက်နေ့ ပြန်ရောက်မည်ဆိုသဖြင့် ကြားတစ်ရက်မျှသာ စောင့်ရတော့မည်။

စောသီတာသည် ခြေသုတ်ခုံကို လှန်ပြီး အိမ်သော့ကို ယူလိုက်စဉ် အလယ်ထပ် အခန်း တံခါးပွင့်လာပြီး မိန်းမကြီးတစ်ယောက် ခေါင်းပြူကြည့်ကာ

"မိန်းကလေး ပြန်လာပြီ ထင်တယ်၊ သူခိုးတွေ ပူလို့ အသံကြားတိုင်း

ထွက်ကြည့်နေရ တယ်”

ဟု ပြောလေရာ စောသီတာသည် မိမိကိုအိမ်ရှင် မိန်းမနှင့် မှားယွင်းပြီး နှုတ်ဆက်သည်ဟု ယူဆမိပြီး ရှင်းပြရန် ပြင်လိုက်စဉ် မိန်းမကြီးသည် အခန်းတံခါးပိတ်ပြီး အိမ်ထဲကို ပြန်ဝင်သွား လေ၏။

စောသီတာသည် အိမ်တံခါးဖွင့်ပြီး ဝင်လိုက်လေ၏။ ထိုအခါ အိမ်ထဲတွင် အိမ်ထောင် ပရိဘောဂများ ပြည့်ပြည့်စုံစုံ ရှိပြီး နေချင်စဖွယ် အိမ်ခန်းလေး ဖြစ်ကြောင်းတွေ့ရ၏။

တံခါးအနီးရှိ ကျွန်းစားပွဲပေါ်တွင် စာတစ်စောင်ကို မြင်ရသဖြင့် ဖတ်ကြည့်လိုက်ရာ

“ကြိုဆိုပါတယ် မိန်ကလေး . . . ကိုယ့်အိမ်လို သဘောထားပြီး အေးအေးချမ်းချမ်း နေနိုင် ပါတယ် . .. အိမ်ငှားတဲ့အခါ တစ်အိမ်လုံးက အိမ်ထောင်ပရိဘောဂအားလုံးပါဝင်ပြီးဖြစ်လို့ စိတ်ချ လက်ချ သုံးစွဲပါ . . . ကျွန်မ ပြန်လာမှ အေးအေးဆေးဆေး စကားပြောကြတာပေ့ါ . . .နေရပ် အသစ်မှာ ပျော်ရွှင်နိုင်ပါစေ . . .

**အိမ်ရှင်**

ဟု တွေ့ရလေ၏။

စောသီတာသည် အိမ်ကလေးအတွင်း လှည့်လည်ကြည့်ရှုလေ၏။

အိပ်ခန်းထဲတွင် သပ်ရပ်စွာ ပြင်ဆင်ထားသော ခုတင်တစ်လုံးတွေ့ရပြီး ခုတင်အနီး၌ မှန်တင်ခုံနှင့်ဗီရိုတို့ကို မြင်တွေ့ရလေ၏။

အိမ်အနောက်ဘက်တွင် မီးဖိုဆောင်နှင့် ရေချိုးခန်းရှိပြီး မီးဖိုဆောင်၌ လေမီးဖိုတစ်လုံးနှင့် ကြောင်အိမ်၊ ပန်းကန်စင်တို့ ရှိလေ၏။

မီးဖိုဆောင်နှင့်ကပ်လျက်ရှိ စတိုခန်းတံခါးကိုမူ သော့ခတ်ပြီး

ပိတ်ထားလေ၏ ။

စောသီတာသည် မိမိအတွက် လိုလေသေးမရှိအောင် ပြင်ဆင်ထားသော အိမ်ကလေးကို အလွန်နှစ်သက်သွားလေ၏ ။

အိမ်ရှင် မိန်းကလေးသည် မိမိနှင့်သက်တူရွယ်တူရှိပုံရပြီး အခန်းလေး၌ တစ်ကိုယ်တည်း အထီးကျန်နေပုံရ၏ ။

အိမ်ရှင် ရောက်လာလျှင် အိမ်ကလေးကို ငှားရမ်းရန် သဘောတူကြောင်း လက်မှတ်ရေး ထိုးရပေတော့မည်။

စောသီတာသည် ရေချိုးခန်းသို့ဝင်ပြီး ရေမိုးချိုး အဝတ်အစားလဲကာ တရေးတမော အိပ်စက်လိုက်၏ ။

အိပ်ရာမှနိုးလာသောအခါ ရန်ကုန်မြို့ထဲတွင် လှည့်လည်ကြည့်ရှုရန် ဆုံးဖြတ်လိုက်ပြီး အိမ်အောက်ထပ်သို့ ဆင်းခဲ့လေ၏ ။

အိမ်အောက်သို့ရောက်သောအခါ ရထားလုံး တစ်စီးကို ငှားရမ်းပြီး ရွှေတိဂုံဘုရားသို့ ထွက်ခဲ့လေ၏ ။

စောသီတာသည် ရထားလုံး စီးရင်း ရန်ကုန်မြို့ပတ်ဝန်းကျင်ကို ကြည့်ရှုလေရာ မြို့ပေါ်တွင် လူအများ ပျားပန်းခတ်မျှ စည်ကားကြောင်း တွေ့ရလေ၏ ။

ထိုမျှများပြားသော လူအများအတွက် အဝတ်အစားများ ချုပ်ရလျှင် မိမိ၌ ပိုက်ဆံထားစရာ ပင် ရှိတော့မည် မဟုတ်ဟု တွေးကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေ၏ ။

စောသီတာသည် ရွှေတိဂုံဘုရားခြေရင်းရှိ ထမင်းဆိုင်တစ်ဆိုင်တွင် ဝင်ရောက်စားသောက် ပြီး အိမ်သို့ ပြန်လာခဲ့လေ၏ ။

အိမ်အောက်ထပ် လှေကားရင်းသို့ ရောက်သောအခါ အပေါ်ထပ်မှ

အဒေါ်ကြီးတစ်ဦး ဆင်းလာပြီး

“ပြန်လာပြီလား”

ဟု နှုတ်ဆက်လေ၏။

စောသီတာသည် မိမိကို အိမ်ရှင် မိန်းကလေးနှင့် မှားယွင်းနေသည်ဟု ယူဆမိသော်လည်း ယောင်ယမ်းပြီး

“ဟုတ်ကဲ့”

ဟု ဖြေလိုက်မိ၏။

စောသီတာသည် အိမ်ပေါ်သို့ ရောက်သောအခါ တစ်ညနေလုံး လျှောက်လည်နေသော ကြောင့် ပင်ပန်းနွမ်းနယ်နေသဖြင့် ခုတင်အနီး ဖန်ရေတကောင်းထဲရှိ ရေတစ်ခွက်ကို သောက်ကာ အိပ်ရာပေါ် လှဲချလိုက်၏။

စောသီတာသည် အိပ်ရာပေါ်သို့ ရောက်ပြီး များမကြာမီတွင် မျက်လုံးများ မှေးစင်းလာပြီး အိပ်ပျော်သွားလေ၏။

***

နောက်တစ်နေ့ နံနက်၌ အခန်းတံခါးကို တဝုန်းဝုန်းထုရိုက်သံကြားရသဖြင့် စောသီတာ အိပ်ရာမှ လန့်နိုးလာ၏ ။

သူမ အိပ်ရာနိုးသည့်အချိန်၌ ခေါင်းထဲတွင် ထူးထူးခြားခြား မူးနောက်နောက်ဖြစ်နေသဖြင့် တံခါးကို ရုတ်တရက် မဖွင့်နိုင်သေးချေ။

ထိုအခါ တံခါးထုရိုက်သံများ ပိုမိုကျယ်လောင်လာပြီး

"တံခါးမြန်မြန်ဖွင့်စမ်း"

ဟူသော အော်ဟစ်သံများကိုပါ ကြားရသဖြင့် စောသီတာသည် ခေါင်းမူးနေသည့်ကြားက တံခါးရှိရာသို့ ကြိုးစားပြီး ဖွင့်ပေးလေ၏ ။

ထိုအခါ တံခါးဝ၌ သေနတ်ကိုင်ထားသော ပုလိပ်များကို အံ့ဩဖွယ်တွေ့ရလေ၏ ။

စောသီတာက ပုလိပ်များကို အထိတ်တလန့်ကြည့်ပြီး

"ဘာကိစ္စရှိလို့ပါလဲရှင်"

ဟုမေးမြန်းလိုက်၏ ။

ပုလိပ်များသည် သူမ၏ မေးခွန်းကို မဖြေဘဲ အိမ်ထဲသို့ အတင်းတွန်းထိုးဝင်ရောက်လာပြီး ခေါင်းဆောင်ဖြစ်သူက

"ရှာကြဟေ့ . . ."

ဟု ခိုင်းစေလိုက်ရာ ပုလိပ်များသည် သူမ၏ အိမ်ထဲသို့

ဝင်ရောက်ရှာဖွေကြ၏။

စောသီတာက ပုလိပ်များကို နားမလည်နိုင်ဟန်ဖြင့် ကြည့်ပြီး

"ဘာဖြစ်လို့လဲ၊ ကျွန်မကို ပြောပါဦး"

ဟု ဒေါသတကြီး မေးမြန်းလိုက်၏။

ထိုအခိုက်မှာပင် ပုလိပ်တစ်ဦး အိမ်ထဲမှ အပြေးအလွှား ပြန်ထွက်လာပြီး

"တွေ့ပြီဆရာ ရက်ရက်စက်စက်ပဲ"

ဟု ဆိုလိုက်သဖြင့် ခေါင်းဆောင်ပုလိပ်သည် အိမ်ထဲသို့ ပြေးဝင်သွားပြီး အတန်ကြာသော အခါမှ ပြန်ထွက်လာကာ စောသီတာကို စူးစူးရဲရဲကြည့်ပြီး

"မင်း . . .အပြစ် မင်းသိပြီပေါ့၊ ကဲ . . . သူ့ကို လက်ထိပ်ခတ်လိုက်ကြ"

ဟု အမိန့်ပေးလိုက်ပြီး စောသီတာက ဒေါသတကြီး အော်ဟစ်ပြီး

"ကျွန်မမှာ ဘာအပြစ်ရှိလို့ လက်ထိပ်ခတ်မှာလဲ ရှင်တို့ ကိုလိုနီပုလိပ်ပီပီ ပြည်သူကို အနိုင် ကျင့်နေတာလား"

ဟု ပြောဆိုလိုက်ရာ ခေါင်းဆောင်ပုလိပ်က

"မင်းတော်တော် ဟန်ဆောင်ကောင်းပါလား . . . မိုးသူဇာ၊ ငါတို့နဲ့ဂိတ်ကို အသာတကြည် လိုက်ခဲ့ပါ"

ဟု အမိန့်ပေးလိုက်၏။

စောသီတာသည် ပုလိပ်၏ စကားကြောင့် တုန်လှုပ်ချောက်ချားသွားပြီး

"ရှင်တို့ လူမှားနေပြီ . . ကျွန်မနာမည် မိုးသူဇာ မဟုတ်ဘူး . . . စောသီတာ၊ ဒီအိမ်က ကျွန်မပိုင်တဲ့အိမ်လည်း မဟုတ်ဘူး။ ကျွန်မ ရန်ကုန်ကို မနေ့ကမှ ရောက်တာရှင့် . . .။

ဟု ဆိုလိုက်ရာ ပုလိပ်ခေါင်းဆောင်က စောသီတာ၏ မျက်နှာကို စူးစူးရဲရဲကြည့်ပြီး ခေါင်းခါ ယမ်းကာ

"ဂါတ်ကိုရောက်မှ ရှင်းပြပေတော့"

ဟု ဆိုပြီး ပုလိပ်များကို မျက်ရိပ်ပြလိုက်ရာ ပုလိပ်များသည် စောသီတာကို တွန်းထိုးခေါ် ဆောင်သွားလေ၏။

စောသီတာက အော်ဟစ်ရုန်းကန်ပြီး လိုက်ပါသွားလေရာ အောက်ထပ် အခန်းရှိလူများ ထွက်လာပြီး ဝိုင်းအုံကြည့်ရှုကြလေ၏။

စောသီတာသည် ဘုမသိ ဘမသိဖြင့် ဂါတ်တဲသို့ လိုက်ပါသွားလေ၏။

သူမ၏ ခေါင်းထဲတွင် မူးနောက်နေပြီး ဂါတ်သို့ရောက်သောအခါ ပုလိပ်များက သူမကို အချုပ်ခန်းထဲသို့ ခေါ်ဆောင်သွားလေ၏။

စောသီတာသည် အချုပ်ခန်း၏ သံတိုင်းများကို ကိုင်ပြီး မိမိအဖြစ်ကို မိမိ နားမလည်နိုင် အောင် ဖြစ်မိလေ၏။ ပုလိပ်များ မိမိကို အဘယ်ကြောင့် ဖမ်းဆီးလေသည် မသိ . . . ရန်ကုန်မြို့သို့ ပြောင်းရွှေ့ခြင်းသည် သူမအတွက် မှားယွင်းမှု တစ်ခုလေလား . . . အတန်ကြာသောအခါ ပုလိပ် တစ်ဦး ရောက်လာပြီး သူမကို သီးသန့်ခန်းတစ်ခန်းသို့ ခေါ်ဆောင်သွားလေ၏။

ထိုအခန်း၌ ပုလိပ်အရာရှိတစ်ဦး ရောက်ရှိနေလေ၏။ ပုလိပ်အရာရှိက စောသီတာကို ကုလားထိုင်မှာ ထိုင်ခိုင်းလိုက်ပြီး

"ထိုင်ပါ . . . ကျုပ်နာမည် အင်စပက်တော်လှမိုးလို့ ခေါ်တယ်။ မင်းရဲ့အမှုကို စီအိုင်ဒီကနေ တိုက်ရိုက်ဆင်းပြီး ကျုပ်ကိုယ်တိုင် ကိုင်တွယ်နေတယ်"

ဟု ပြောလေရာ စောသီတာက ပုလိပ်အရာရှိကို နားမလည်ဟန်နှင့် ကြည့်လိုက်လေ၏။

အင်စပက်တော်လှမိုးက စားပွဲပေါ်ရှိ ဓာတ်ပုံတစ်ပုံကို ပြကာ

"သူ့နာမည်က ကိုမြမောင်တဲ့၊ ဗီယာနာ ကဖေးတိုက်မှာ မုန့်ဆရာလုပ်တယ်"

ဟု ပြောလေရာ စောသီတာက ဓာတ်ပုံထဲက လူကို နားမလည်ဟန်ဖြင့်ကြည့်ပြီး

"ဘာဖြစ်လို့ ကျွန်မကို ဒါတွေလာပြနေတာလဲ"

ဟု မေးမြန်းလေ၏။

ထိုအခါ အင်စပက်တော်လှမိုးက စောသီတာကို မျက်လုံးများ မှေးစင်းကြည့်လိုက်ပြီး

"မင်းတော်တော် ဟန်ဆောင်ကောင်းတာပဲ မိုးသူဇာ၊ ဒါ မင်းချစ်သူလေ . . . မင်းကိုယ်တိုင် ရက်ရက်စက်စက် သတ်ဖြတ်ခဲ့တဲ့ မင်းရဲ့ချစ်သူလေ . . ."

ဟု ပြောလေရာ စောသီတာက ခေါင်းကို သွက်သွက်ခါယမ်းလိုက်ပြီး

"အို . . . ရှင်တို့လူမှားနေပြီ . . .ကျွန်မနာမည် စောသီတာပါ . . ရှင်တို့ပြောတဲ့ မိုးသူဇာ ဆိုတာ ကျွန်မ လုံးဝ မသိဘူး"

ဟု ပြောလေရာ ပုလိပ်အင်စပက်တော် လှမိုးက"

"မင်းဘယ်လောက်ငြင်းနိုင်မလဲ မိုးသူဇာ မင်းမသတ်ဘူးဆိုရင် ကိုမြမောင်ကို ဘယ်သူ သတ်တာလဲ၊ ကိုမြမောင်ရဲ့ အလောင်းက ဘာဖြစ်လို့ မင်းအိမ် စတိုခန်းထဲမှာ ရောက်နေတာလဲ"

ဟု မေးမြန်းလေရာ စောသီတာက အင်စပက်တော်လှမိုးကို အထိတ်တလန့်ကြည့်လိုက်ပြီး

"ဟင် . . .ကျွန်မအိမ် စတိုခန်းမှာ အလောင်းရှိတယ် ဟုတ်လား မဖြစ်နိုင်တာရှင်"

ဟု ငြင်းဆိုလိုကက်လေ၏။

ထိုအခါ အင်စပက်တော်လှမိုးက

"မင်းတို့ ချစ်သူဖြစ်နေတာ တစ်နှစ်လောက်ရှိပြီ၊ မင်းတို့ ချစ်သူတွေ ဖြစ်ကြောင်းကို ယီယာနာကဖေးတိုက် တစ်တိုက်လုံးက မုန့်ဆရာတွေ၊ စားပွဲထိုးတွေက သက်သေခံပေးလိမ့်မယ်"

**ရသဖြင့် မကျေမချမ်း ဖြစ်လာပြီး**

"ရှင် . . . ဘာတွေပြောနေတာလဲ၊ ရှင်တို့အမှားကြီးမှားနေပြီ ရှင့်"

ဟု ပြောလေရာ အင်စပက်တော် လှမိုးက သူမ၏ စကားကို နားဝင်ဟန်မရှိဘဲ"

"မင်းတို့ချစ်သူနှစ်ဦး ဆက်ဆံရေး အဆင်မပြေကြဘူး၊ မင်းကို ကိုမြမောင်က ကျောရရုံကြံဖို့ ကြိုးစားတဲ့အတွက် မင်းက ကိုမြမောင်ကို သတ်ပစ်မယ်လို့ ခြိမ်းခြောက်ထားတယ်၊ ဒီလိုခြိမ်း ခြောက်ထားတဲ့အကြောင်းကို ကိုမြမောင်က သူ့မိဘတွေကို ဖွင့်ပြောထားတယ်၊ အခု ကိုမြမောင် ပျောက်နေကြောင်း သူ့မိဘတွေက တိုင်ကြားတဲ့အတွက် မင်းရဲ့အခန်းမှာ သူ့အလောင်းကို ရှာတွေ့ခဲ့တာပဲ"

ဟု ပြောလေရာ စောသီတာသည် အင်စပက်တော်လှမိုးကို မကျေမချမ်းကြည့်ပြီး

"ဒီမှာ . . .ဒီအိမ်ဟာ ကျွန်မအိမ် မဟုတ်ဘူး၊ ရှင်တို့ ကျွန်မနဲ့ အိမ်ရှင်မိန်းမ မှားနေပြီ။ မိုးသူဇာဆိုတာ အိမ်ရှင် မိန်းမဖြစ်လိမ့်မယ်"

ဟု ပြောလေ၏။ အင်စပက်တော်လှမိုးက

"ဟုတ်ပါပြီ . . . မင်းအိမ်မဟုတ်ဘူးဘဲ ထားလိုက်ပါတော့။ သေသူ ကိုမြမောင်ကိုတော့ မင်းသိတယ် မဟုတ်လား၊ လွန်ခဲ့တဲ့ ရက်က မင်းတို့စုံတွဲ

အိမ်ပေါ်တက်လာတာကို အိမ်အောက် ထပ်က လူတွေ သက်သေခံလိမ့်မယ်နော်”

ဟု မယုံသင်္ကာဟန်နဲ့ မေးမြန်းလိုက်တယ်။

စောသီတာသည် မိမိကို မှားယွင်းစွပ်စွဲနေသဖြင့် ခေါင်းကိုသာ ခါယမ်းလိုက်ပြီး

“ရှင်တို့ မှားနေပြီ . . . ကျွန်မနဲ့ အိမ်ရှင်မိန်းမ ရုပ်ချင်းဆင်တူပုံရတယ်။ အိမ်နီးချင်းတွေ အားလုံး ကျွန်မကို အိမ်ရှင်မိန်းမနဲ့ မှားပြီးခေါ်ကြတယ်”

ဟု ပြောလေ၏ ။

အင်စပက်တော်လှမိုးက သူမ၏ ထွက်ချက်များကို စိတ်ဝင်စားပုံ မရဘဲ

“မင်း သူ့ကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့တယ်။ သူ့ခန္ဓာကိုယ်မှာ ဓားဒဏ်ရာတွေ ဗရပွနဲ့ သေဆုံးနေတယ်။ သူ့ယောကျ်ားအင်္ဂါကိုလည်း ဖြတ်ထားတယ်၊ သူ့ကို ဘာဖြစ်လို့ ဒီလောက်တောင် မုန်းတီးနေတာလဲ၊ မင်းကို ဘယ်လိုအပြစ်တွေ ကျူးလွန်လို့လဲ”

ဟု မေးမြန်းလေ၏ ။ စောသီတာသည် ပုလိပ်များကို အလွန်စိတ်ညစ်လာပြီး

“ရှင်တို့ ကျွန်မစကားကို ဘာလို့ မယုံကြတာလဲ၊ ကျွန်မ လူသတ်သမား မဟုတ်ဘူး၊ အိမ်ရှင် လည်း မဟုတ်ဘူး၊ ကျွန်မက အိမ်ငှားရှင့်၊ မနေ့ကမှ ဒီအိမ်ကို ရောက်လာတာ၊ သူ့ဘာသာ သေနေ တဲ့ အလောင်းကို ကျွန်မနဲ့ ဘယ်လိုပတ်သက်မှာလဲ၊ ကျွန်မက ဘာကို ဝန်ခံရမှာလဲ”

ဟု အော်ဟစ်ပြောဆိုလိုက်၏ ။

အင်စပက်တော်လှမိုးက ခေါင်းခါယမ်းပြီး

“မင်း ဒီထက် ကောင်းတဲ့အကြောင်းပြချက်တွေ ပေးရင်ကောင်းမယ်၊ ရပါတယ်။ မင်းမှာ ငြင်းဆန်နိုင်ခွင့် ရှိသေးတယ်။ ဒါပေမဲ့ . . . မင်းဘယ်လိုမှ

ငြင်းမရတဲ့ သက်သေတွေရရင်တော့ မင်း ဝန်ခံရမယ်”

ဟု ပြောပြီး ထိုင်ရာမှ ထလိုက်ရာ စောသီတာက ဒေါသတကြီးဖြင့်

“အို . . . ကျွန်မ မကျူးလွန်တဲ့ လူသတ်မှုကို ကျွန်မ ဝန်ခံရမှာလား၊ မတရားလုပ်လို့ မရဘူး ရှင့်”

ဟု ပြောဆိုလိုက်ရာ အင်စပက်တော်လှမိုးက

“ကောင်းပြီ . . . ညနေကျရင် တွေ့မယ် . . . ကျုပ်လောင်းရဲတယ်၊ မင်း ညနေကျရင် ဝန်ခံစေရမယ်”

ဟု ခိုင်မာသော အမူအရာဖြင့် ပြောဆိုလိုက်ရာ စောသီတာသည် မဟုတ်လျှင် မခံဟူသော စိတ်ဓာတ်ရှိသူဖြစ်သဖြင့် အံကိုကြိတ်ပြီး

“ကြည့်ကြသေးတာပေါ့”

ဟု ကြုံးဝါးလိုက်လေ၏။

***

ရုပ်ရည်သည် အဘယ်ကြောင့် မိမိနှင့် ဆင်တူနေသနည်း . . . အိမ်ရှင်မိန်းကလေးသည် သူမ၏ ချစ်သူကို စောသီတာသည် အင်စပက်တော်လှမိုး ထွက်ခွာသွားသောအခါ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ပြီး စီးပွားရှာခြင်းကို အမှားကြီးမှားပြီဟု ယူဆလိုက်မိ၏ /

မိမိဘာသာ မိခင်ခေါင်းချသော အရပ်၌ ရောင့်ရဲတင်းတိမ်ပြီးနေထိုင်လျှင် လူသတ်သမား အဖြစ် စွပ်စွဲခံရမည်မဟုတ်ချေ။ ပုလိပ်များ၏ စကားအရ သေသူသည် ဗီယာနာ ကဖေးတိုက်ရှိ မုန့်ဆရာတစ်ဦးဖြစ်ပြီး မိန်းကလေး၏ ချစ်သူဟု သိရ၏ ။

အိမ်ရှင် မိန်းကလေး၏ သတ်ဖြတ်ပြီး စတိုခန်းထဲ၌ ဖွက်ထားခြင်းပေလော . .

စောသီတာသည် တွေးရင်း ခေါင်းရှုပ်လာသဖြင့် မိမိ၏ ကံကြမ္မာနိမ့်ပါးချိန် ရောက်နေပြီဟု ယူဆမိပြီး ဆုံးပါးသွားသော မိခင်ကို ပြန်လည်တမ်းတနေမိ၏ ။

မိခင်သာ ရှိနေလျှင် ရန်ကုန်မြို့သို့ ပြောင်းရွှေ့စရာ အကြောင်းမရှိချေ။

***

ညနေစောင်းသောအခါ အင်စပက်တော်လှမိုး ဆိုသူ ရောက်ရှိလာပြီး စောသီတာကို အခန်း တစ်ခန်းသို့ ခေါ်ဆောင်သွားလေ၏။

ထိုအခန်းထဲသို့ ရောက်သောအခါ စောသီတာသည် သူမနှင့်ရွယ်တူ မိန်းကလေးအချို့ကို တွေ့ရ၏။

အင်စပက်တော်လှမိုးက စောသီတာကို မိန်းကလေးများနှင့်အတူ တန်းစီရပ်ခိုင်းလိုက်ပြီး နောက် အခန်းထဲသို့ လူတစ်ယောက်ပြီးတစ်ယောက် ခေါ်ဆောင်ပြီး ရွေးထုတ်ခိုင်းလေရာ ထိုသူများအားလုံး စောသီတာကို မိန်းကလေးများကြားက အလွယ်တကူ ရွေးထုတ်ပေးလေ၏။

အင်စပက်တော်လှမိုးက ထိုသူများအားလုံးကို ကျေးဇူးတင်ကြောင်း ပြောကာ ပြန်လွှတ် လိုက်ပြီး စောသီတာကို မူလအခန်းသို့ ပြန်လည်ခေါ်ဆောင်သွားလေ၏။

အခန်းထဲသို့ ရောက်သောအခါ အင်စပက်တော်လှမိုးက စောသီတာကို မထိလေးစား ကြည့်လိုက်ပြီး

“ဗီယာနာ ကဖေးတိုက်က မုန့်ဆရာတွေနဲ့ စားပွဲထိုးတွေအားလုံး မင်းကို ကိုမြမောင်ချစ်သူ မိုးသူဇာဆိုပြီး တညီတညွတ်တည်း ရွေးထုတ်သွားကြတယ်၊ မင်း ဘာပြောင်းဦးမှာလဲ”

ဟု မေးမြန်းလေရာ စောသီတာက

“ကျွန်မ မိုးသူဇာ မဟုတ်ဘူး စောသီတာ ဆိုတာ ရှင်တို့ လက်မခံသရွေ့

ဒီအမှုက အမှန် ရောက်မှာ မဟုတ်ဘူး”

ဟု ပြောလေ၏ ။

အင်စပက်တော်လှမိုးက အိတ်နှင့်ထည့်ထားသော ဓားမြှောင်တစ်ချောင်းကို ပြလိုက်ပြီး

“ဟောဒီဓားက ကိုမြမောင်ကို သတ်သွားတဲ့ ဓားပဲ။ ဒီဓားပေါ်မှာ မင်းရဲ့ လက်ဗွေရာတွေ ရှိတယ်။ မင်းဘာငြင်းချင်သေးလဲ”

ဟု ပြောလေရာ စောသီတာသည် ဆိုးဝါးလှသော ကံကြမ္မာကို နားမလည်နိုင်တော့ဘဲ ဖမ်းပန်းတနည်း ရှိုက်ငိုနေမိ၏ ။

အင်စပက်တော်လှမိုးက စောသီတာ ငိုယိုနေခြင်းကို စိတ်ရှည်လက်ရှည် စောင့်နေပြီးမှ

“စိတ်အေးအေးထားပြီး ဖြစ်ပျက်သမျှကို ပြောပါ မိန်းကလေး၊ ကျုပ်တို့ အစွမ်းကုန် အကူ အညီပေးပါ့မယ်”

ဟု ပြောလေရာ စောသီတာက စိတ်ကို တည်ငြိမ်အောင်ထိန်းပြီး

“ကျွန်မနာမည် စောသီတာပါ။ ကျွန်မရဲ့မွေးရပ်မြေက နယ်မြို့ကပါ။ ကျွန်မက နယ်မှာ စက်ချုပ်တဲ့အလုပ်နဲ့ အသက်မွေးပါတယ်။ အမေဆုံးပြီးတော့ တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆို ပြီး ရန်ကုန်ကို ပြောင်းလာတာပါ။ မနေ့ကမှ ကျွန်မရန်ကုန်ကို ရောက်တာပါ”

ဟုဆိုလိုက်ရာ အင်စပက်တော်လှမိုးက သူမကို စိတ်ပျက်ဟန်ဖြင့် ကြည့်ပြီး ခေါင်းခါ ယမ်းကာ

“မင်း . . . အချိန်တွေ ဖြုန်းတီးနေတာပဲ၊ ဒီလောက် ခိုင်လုံနေတဲ့ အမှုမှာ မင်းဘာဖြစ်လို့ ဝန်မခံသေးတာလဲ”

ဟု ပြောလေရာ စောသီတာက အင်စပက်တော်လှမိုးကို

မကျေမချမ်းကြည့်ပြီး

“ရှင်တို့ ဘာဖြစ်လို့ ကျွန်မစကားကို ဆုံးအောင် နားမထောင်ကြတာလဲ၊ ရှင်တို့ ပုလိပ်တွေ ဖြစ်ပြီး အကူအညီမဲ့နေတဲ့ လူတစ်ယောက်ကို ဘာဖြစ်လို့ ဒုက္ခပေးချင်တာလဲ၊ ရှင်တို့ပုလိပ်လုပ်နေတာ ရေနစ်သူကို ဝါးကူထိုးဖို့လား”

ဟု အော်ဟစ်ပြောဆိုလိုက်ရာ အင်စပက်တော်လှမိုးက စောသီတာကို လက်ကာပြလိုက်ပြီး

“ကောင်းပြီ ပြောချင်တာ ပြောပေတော့၊ ကျုပ်နားထောင်ပေးမယ်၊ ငါပုလိပ်လုပ်နေတာ ဒုက္ခရောက်နေသူကို ကူညီပေးဖို့ပါ”

ဟု ပြောလေ၏။

ထိုအခါ စောသီတာက သက်ပြင်းချလိုက်ပြီး

“ကျွန်မ မိခင်ဆုံးပြီးတော့ မြို့ကိုပြောင်းဖို့ကြံစည်နေတုန်း သူကြီးဂေဇက်သတင်းစာမှာ လူသတ်မှုဖြစ်တဲ့အခန်းကို ငှားချင်တယ်ဆိုတဲ့ ကြော်ငြာတစ်ခုပါလာတယ်၊ ကျွန်မဟာကြော်ငြာကို ဖတ်ပြီးတော့ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ချင်တာနဲ့ ကြော်ငြာရှင်ကို စာရေးပြီး အမြန်ဆုံး ဆက်သွယ် လိုက်တယ်။ ဒီလိုနဲ့ ရန်ကုန်ကို ရောက်လာတာပဲ”

ဟု ပြောလေရာ အင်စပက်တော်လှမိုးက မျက်မှောင်ကြုတ်ပြီး

“သူကြီးဂေဇက်မှာ အိမ်ငှားကြော်ငြာပါလာတဲ့နေ့ကို မှတ်မိသလား”

ဟု မေးမြန်းလေရာ စောသီတာက ခေါင်းညိတ်ပြီး

“နိုဝင်ဘာ ၁၅ ရက်ကပါ”

ဟု ဖြေလေ၏။

ထိုအခါ အင်စပက်တော်လှမိုးက မျက်မှောင်ကြုတ်ပြီး

“ကျုပ်တို့ မင်းရဲ့ထွက်ဆိုချက်တွေကို မှတ်တမ်းတင်ထားပါတယ်။ ဆက်ပြီးပြောပါဦး”

ဟု မေးမြန်းလေ၏ ။

စောသီတာက ဆက်လက်ပြီး

“ကျွန်မ မနေ့နံနက်က ငှားရမ်းထားတဲ့ အိမ်ကို ရောက်တော့ အိမ်တံခါးဝမှာ အရေးတကြီး ကိစ္စပေါ်လာလို့ ခရီးထွက်သွားတယ်။ လဆန်း ၃ ရက်နေ့ ပြန်ရောက်မယ်၊ အိမ်ထဲမှာ ဝင်နေပြီး စောင့်လို့ရပါတယ်။ အိမ်တံခါးသော့ကို ခြေသုတ်ခုံအောက်မှာ ယူပါလို့ ရေးထားတဲ့ စာတစ်စောင် ကပ်ထားတာတွေ့ရတယ်။ အိမ်ထဲကိုရောက်တော့လည်း စားပွဲခုံပေါ်မှာလည်း စာတစ်စောင် တွေ့ရတယ်။ စာထဲမှာတော့ ကြိုဆိုပါတယ် မိန်းကလေး . . . ကိုယ့်အိမ်လို သဘောထားပြီး အေးအေးချမ်းချမ်း နေနိုင်ပါတယ် . . . အိမ်ငှားတဲ့အခါ တစ်အိမ်လုံးက အိမ်ထောင်ပရိဘောဂ အားလုံးပါဝင်ပြီးဖြစ်လို့ စိတ်ချလက်ချ သုံးစွဲပါ . . . ကျွန်မ ပြန်လာမှ အေးအေးဆေးဆေး စကား ပြောကြတာပေါ့ . . . .နေရပ် အသစ်မှာ ပျော်ရွှင်နိုင်ပါစေ . . .လို့ ရေးထားတာ ဖတ်ရတယ်”

ဟု ပြောလေရာ အင်စပက်တော်လှမိုးက မျက်မှောင်ကြုတ်ပြီး

“မင်းတို့ အိမ်ငှားပုံက သိပ်ထူးခြားတယ်၊ ဒီနေ့ခေတ် ရန်ကုန်မြို့မှာ အိမ်ငှားရန်ရှိသည်လို့ ဆိုင်းဘုတ်ချိတ်ထားတဲ့ အိမ်တွေအများကြီးပဲ၊ မင်းတို့လို အိမ်ရှင်နဲ့အိမ်ငှား မတွေ့ရဘဲ စိတ်ကူး ယဉ်ဆန်ဆန် အိမ်ငှားတာ ဒီတစ်ခါပဲ တွေ့ဘူးသေးတယ်”

ဟု ပြောလေရာ စောသီတာက

“တကယ်ပါရှင် ကျွန်မ လိမ်မပြောပါဘူး၊ အမှန်အတိုင်း ပြောတာပါ”

ဟု ပြောလေရာ အင်စပက်တော်လှမိုးက စောသီတာကို စူးစိုက်ကြည့်ပြီး

“နေပါဦး . . . မင်းကို အိမ်ရှင်ရေးပေးတဲ့စာတွေ ဘယ်မှာလဲ”

ဟု မေးမြန်းလေရာ စောသီတာက

“ရှိပါတယ်ရှင် . . .စားပွဲ အံဆွဲထဲမှာ ကျွန်မ သိမ်းထားပါတယ်။ ကျွန်မ ဒီအိမ်ရဲ့ အိမ်ငှား ဆိုတာ အသေအချာပါ။ ရှင်တို့ ကျွန်မအမေရဲ့နာရေးမှာ အသုံးပြုခဲ့တဲ့ ယပ်တောင်နဲ့ဖိတ်စာတွေကို တောင် ကျွန်မ သက်သေပြနိုင်ပါတယ်”

ဟု ပြောလေရာ စုံထောက်လှမိုးက ထိုင်ရာက ထပြီး

“ကောင်းပြီ မင်းကျေနပ်အောင် သက်သေတွေကို စစ်ဆေးပေးမယ်။ ငါတို့မနက်ဖြန် တွေ့ကြသေးတာပေ့ါ”

ဟု ပြောလေရာ စောသီတာသည် အခန်းထဲ၌ စိတ်ပျက်လက်ပျက် ကျန်ရစ်ခဲ့လေ၏ ။၏

ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာခြင်းကို အမှားကြီးမှားပြီဟုလည်း နောင်တရမိလိုက်၏ ။

စုံထောက်လှမိုးသည် စောသီတာကို စစ်ဆေးပြီးနောက် ဌာနအုပ် ကိုစိန်မြင့်နှင့်တွေ့ကာ

“ကောင်မလေးက သိပ်ထူးဆန်းနေတယ်။ ကျုပ်အံ့သြတာက ဒီလောက်သက်သေ ခိုင်ခိုင် မာမာရှိနေတာတောင် သူဘာလို့ငြင်းဆန်နေတာလဲ”

ဟု ပြောလေရာ ဌာနအုပ်ကိုစိန်မြင့်က ပင့်သက်ချပြီး

“ခေါင်းမာတဲ့ တရားခံ အမျိုးအစားထဲကများ ဖြစ်နေမလား ဆရာ”

ဟု ပြောလေရာ စုံထောက်လှမိုးက အဂေးဆီသို့ ငေးကြည့်ပြီး

“မသိသေးဘူးဗျ။ ဒါပေမဲ့ သူ့ပုံစံကြည့်ရတာ တကယ်အရိုးခံပဲ”

ဟု ပြောလေရာ ဌာနအုပ် ကိုစိန်မြင့်က

"သူ့မှာ စိတ္တဇများ ဖြစ်နေသလား၊ ကျုပ်တို့ စစ်ဆေးဖို့ လိုနေပြီနော်"

ဟု ပြောလေရာ စံထောက်လှမိုးက

"သေသူရဲ့ ယောက်ျားအင်္ကျီကို ဖြတ်ထားတယ် ဆိုကတည်းက သူ့ကို စစ်ဆေးဖို့ ကျုပ်ဆုံးဖြတ်ပြီးပါပြီ။ ဒါနဲ့ နေပါဦး ခင်ဗျားတို့ဆီမှာ နိုဝင်ဘာ ၁၅ ရက်က သူကြီးဂေဇက်သတင်းစာ များ ရနိုင်မလား မသိဘူး"

ဟု ဆိုလိုက်ရာ ဌာနအုပ် ကိုစိန်မြင့်က သတင်းစာအထပ်များကို မွှေနှောက်ရှာဖွေပြီး

"ဟောဒီမှာ တွေ့ပြီ၊ နိုဝင်ဘာ ၁၅ ရက် သူကြီးဂေဇက်သတင်းစာ"

ဟု ဆိုလိုက်ရာ စုံထောက်လှမိုးက သတင်းစာကို ယူပြီး သိမ်းဆည်းလိုက်လေ၏ ။ ပြီးနောက်

"ကောင်မလေးရဲ့ထွက်ဆိုချက်တွေ မှန် မမှန် သိရအောင် အခင်းဖြစ်ပွားတဲ့ အိမ်ကို ကျုပ် တစ်ခေါက် သွားရဦးမယ်"

ဟု ပြောပြီး သူ၏ ဂျစ်ကားဖြင့် လူသတ်မှုဖြစ်ပွားရာ နေအိမ်သို့ထွက်ခဲ့လေ၏ ။

စုံထောက်လှမိုး လူသတ်မှုဖြစ်ပွားရာ နေအိမ်သို့ ရောက်သောအခါ စောသီတာ၏ ခရီး ဆောင်အိတ်ကို မတွေ့ရချေ။ ထို့ပြင် အိမ်ရှင်မိန်းမ ရေးသားထားသော စာများကိုလည်း စားပွဲခုံ အံဆွဲထဲတွင် မမြင်ရချေ. . . စုံထောက်လှမိုးသည် စောသီတာကို စိတ်ပျက်လက်ပျက်ဖြစ်သွား လေ၏ ။

သူမ၏ ထွက်ဆိုချက်များကို ယုံကြည်ခြင်းမရှိတော့ချေ။

စုံထောက်လှမိုးသည် အိမ်ထဲတွင် ဆက်လက်ရှာဖွေရာ ကောလိပ်တက်စဉ်က စောသီတာ ၏ အလှဓာတ်ပုံအမျိုးမျိုးကို မြင်ရလေ၏ ။

ထို့မှ အကျိုးအကြောင်း ခိုင်လုံနေသော အမှုကို သူမအဘယ်ကြောင့်

အကြောက်အကန် ငြင်းဆိုနေသနည်း။

စုံထောက်လှမိုးသည် စောသီတာ၏ ဓာတ်ပုံများကို ယူဆောင်ခဲ့ပြီး အခန်းထဲမှ ပြန်ထွက် ခဲ့၏ ။

စုံထောက်လှမိုးသည် အိမ်ခန်းတံခါးကို ပြန်ပိတ်ရင်း တံခါး၌ သဲလွန်စ တစ်ခုကိုမြင်ရသဖြင့် မျက်မှောင်ကြုတ်လိုက်မိ၏ ။ တံခါး၌ တစ်စုံတစ်ခုကို ကော်နှင့်ကပ်ထားသော သဲလွန်စ တစ်ခုကို မြင်ရလေ၏ ။

***